

ဘာသာပြန် စာရေးဆရာ – မေနှင်းစိုး

# ဂိမ်းမာစတာ စောရဝိဇ္ဇာ

## (နိုင်းယန်)

(Chapter 241 - 255)

စာစဉ် – ၁၇

# အပိုင်း ( ၂၄၁)
# တိမ်မြုပ်သွားသည့် သမိုင်းကြောင်း

နိုင်းယန် သည် စတုတ္ထမြောက် စာမျက်နှာကို လှန်လိုက်ရင်း ယခုကဲ့သို့ အကြွမ်းခံသည့် စာမျက်နှာများကို မည်သို့သော အရာဖြင့် ပြုလုပ်ထားသလဲ ဆိုတာကို တွေးတောနေခဲ့မိသည်။ စာမျက်နှာများသည် သိပ်သည်းပြီး ရှယ်ရာခေတ်၏ ရှေးဟောင်းစာလုံးများဖြင့် ရေးထိုးထားပြီး အရမ်းကို ရှားပါးသည့် အချက်အလက်များ ပါဝင်သည်။ ထို နည်းပညာများကို လေ့လာပြီး ကစားသမားအား မဟာသူခိုးကြီး သို့မဟုတ် အရိပ်ကချေသည် အဖြစ်သို့ အထောက်အကူပေးနိုင်သည့် နည်းလမ်းများ ပါဝင်သည်။ သူခိုးတစ်ယောက် အတွက်ဆိုလျှင် အာရုံစူးစိုက်မှုအား ပို၍ ထက်မြက်စေခြင်း စသည်နည်းလမ်းတို့ ပါဝင်၏။ ထိုအချက်အလက်များအား ပိုင်ဆိုင်ထားသူ တစ်ယောက်သည် အနီးကပ် တိုက်ပွဲ စွမ်းအား တွင် အနည်းဆုံး အဆပေါင်းများစွာ တိုးလာစေနိုင်သည်။ ထိုစာမျက်နှာအတွင်းမှ အရာတော်တော်များများသည် အရင်အတိတ်က ဗီဒီယိုများထဲတွင်တောင် မတွေ့ဖူးခဲ့ပေ။ အချို့နည်းလမ်းများကို ဆန်း နှင့် အရိပ်သတ်ဖြတ်သူ တို့ပင် အသုံးပြုသည်ကို မတွေ့ဖူးပါ။

ထိုအချက်သည် မဟာသူခိုးကြီး သို့မဟုတ် အရိပ်ကချေသည် ဖြစ်ရန် အတွက် ပြီးပြည့်စုံ ဆုံးသောလမ်းညွှန်ချက် ဖြစ်၏။

ထိုလမ်းညွှန်ဖြင့် မည်သည့်အရာကိုမျှ မမြင်မစမ်းဖြင့် တွေးတော ကြံဆ

နေစရာ မလိုတော့ပေ။ နည်းပညာ စုစုပေါင်း ရာကျော်ရှိပြီး ထိုအရာများသည် အရိပ်ကချေသည် နှင့် သေမင်းကချေသည် တို့၏ အောက်ခြေအဆင့်၊ အလယ် အလတ်အဆင့် နှင့် ကျွမ်းကျင်အဆင့် တို့ပါဝင်ပြီး နိုင်းယန် နှင့်လည်း ရင်းနှီးသည့် အရာများ ဖြစ်ကြသည်။ ထိုအချက်များ အတွင်းမှ နှစ်ခု သို့ သုံးခုလောက်အား ဆရာတစ်ဆူလို ကျွမ်းကျင်တတ်မြောက်သွားခဲ့လျှင် အနှောက်အယှက်အဟန့်အတား မရှိပဲ လွတ်လပ်စွာ သွားလာနိုင်မည် ဖြစ်သည်။ ထို့အပြင် ငါးခု သို့ ခြောက်ခု အား ကျွမ်းကျင်စွာ တတ်မြောက်ထားပြီဆိုလျှင်တော့ ကမ္ဘာထိပ်သီး ကစားသမားများထဲတွင် အဆင့်မြင့်ဆုံးသို့ ရောက်သွား နိုင်မည်။

နိုင်းယန် ဟာ ထိုနည်းပညာများ အားလုံးကိုတော့ လေ့လာဖို့ စိတ်ကူးမရှိခဲ့ပေ။ ထိုအထဲမှ ငါးခု သို့ ခြောက်ခု ဆိုလျှင်ပင် ကိုင်တွယ်ဖို့ လုံလောက်ပါပြီ။ ထို့အပြင် လမ်းညွှန်ထဲတွင် ဖော်ပြထားသော အချို့ အရာများသည် ရှာဖွေရန် ခက်ခဲလွန်းလှ၏။

ပဥ္စမမြောက်စာမျက်နှာတွင် အချိန်ကြာမြင့်စွာ မေ့ပျောက်နေပြီဖြစ်သော ပညာရှိ ဂရန့် ၏ လက်နက်ပစ္စည်း အစုံ သို့တည်းမဟုတ် ဆိုမိုဒို ၏ မူရင်း ဓားရှည်ကြီး တို့၏ တည်နေရာများအကြောင်း ပါဝင်သည်။ ထို့အပြင် ရေအသက် နှင့် ယဇ်ဆေးရည် တို့ အကြောင်းလည်း ပါဝင်၏။

အတ္တလန်တိတ် တိုက်တစ်ခုလုံး၌ ရှိခဲ့ဖူးသည့် သမိုင်းကြောင်း အတွင်းမှ ဒဏ္ဍာရီဆန်ဆန် အကြောင်းအရာများ ပါဝင်သည်။

အနည်းငယ် ဖတ်ကြည့်လိုက်ပြီး နောက် စာမျက်နှာသို့ လှန်ကြည့်လိုက်သည်။

ခြောက်ခုမြောက် စာမျက်နှာတွင် ဆန်းကြယ်သည့် ကြယ်ပုံစံ ဒီဇိုင်း တစ်ခု က တောက်ပနေခဲ့၏။ ထို စာမျက်နှာပေါ်သို့ ကြည့်လိုက်မိသည်နှင့်

တောက်ပပြီး မျက်စိကျိန်းလောက်သည့် ကြယ်ပုံသဏ္ဍာန်ဟာ စိတ်ထဲတွင် မီးမောင်းထိုးပြသလို ပေါ်လာခဲ့သည်။ လွန်ခဲ့ပြီးသော ခေတ်များ၏ သမိုင်းကြောင်းများသည် ခေါင်းထဲ၌ ဖျတ်ခနဲပေါ်လာပြီး အသိစိတ်လွတ်သွား စေခဲ့သည်။

ထိုအသိဉာဏ်များကို တဆင့်ခံ လိုက်ခံလိုက်မိသည်။ ခဏအကြာတွင် အားလုံးကို သိမ်းပြီး ဖြစ်သွား၏။

[ ဗဟုသုတ အသိဉာဏ်များ အားလုံးကို ရရှိလိုက်ပါပြီ။ ]

[ မဟာပညာရှိ ဘွဲ့အား ရရှိလိုက်ပါပြီ။ ]

အတတ်ပညာ နဲ့ ဘွဲ့တစ်ခုလား ... နိုင်းယန် သည် ချက်ချင်းပင် စကေးဘာတန်းကို ကြည့်လိုက်မိသည်။ အသစ် စကေးတစ်ခု ရောက်လာသည်ကို တွေ့လိုက်ရ၏။ အားလုံးအသိဉာဏ်။ အညွှန်းကို ဖတ်ကြည့်လိုက်သည့် အခါ ထို အသိဉာဏ်သည် တဆင့်ခံ အကျိုးကျေးဇူးများဖြင့် ရောက်လာသည်ကို တွေ့လိုက်ရ၏။ ပထမ တစ်ခုမှာ သူ၏ ဉာဏ်ပညာအား ၂၀၀ % အထိ တိုးပေးသော်လည်း ကံဆိုးစွာဖြင့်ပဲ သူဟာ သူခိုးတစ်ယောက် ဖြစ်နေပြီး မှော်ဆရာ မဟုတ်ခဲ့ပေ။ ထို့ကြောင့် သူ့အတွက် အသုံးမဝင်လှပေ။ ဒုတိယ အကျိုးကျေးဇူးမှာ နတ်သူငယ်များ၊ လူ့ဘီလူးကြီးများ နှင့် ကိုယ်ကျင့်တရားရှိသည့် အမိန့်စောင့်ရှောက်သူ မျိုးနွယ်စုများ၏ ခေတ်မှ အခြားသော ဘာသာစကားများကို တိုက်ရိုက် လေ့လာပြီး ဖြစ်သည်။ နောက်ဆုံးတော့ အင်ပါယာများတွင် အဓိက ပြောင်းလဲမှုကြီးများ သို့မဟုတ် မဖြစ်သေးသည့် သမိုင်းဝင် အဖြစ်အပျက်များ ကဲ့သို့သော ဂိမ်း၏ အနာဂတ်တွင် ဆယ်ရက်တစ်ကြိမ် ဖြစ်ပေါ်လာမည့် နတ်ဘုရား စွမ်းရည် အထောက်အပံ့ကို ပေးစွမ်းခဲ့သည်။ မဟာပညာရှိ ဘွဲ့ မှာ ပြည်နယ်များ အားလုံးတွင် လွှမ်းမိုးမှု အမှတ် ၅၀ စီ တိုးသွားခဲ့၏။ မည်သည့် တယ်လီပို့ ပို့ဆောင်ခ မ

ဆို အခကြေး ကင်းလွတ်ခွင့် ရပြီး မြို့အတွင်း သို့ ပြည်နယ်အတွင်း၌ ရှိနေစဥ် မီတာ ၅ဝ ပတ်လည်အတွင်း မည်သည့် အစောင့်ကမဆို စောင့်ရှောက်ပေးခြင်းကို ခံစားနိုင်၏။ မြို့အတွင်းရှိ တောင်တန်းများအား စီးနင်းခွင့်ရပြီး မြို့စားငယ်အောက် အဆင့်ရှိသည့် မည်သည့် Npc ကို မဆို အပြစ်ပေးရန် အစောင့်များအား ခိုင်းစေ အမိန့်ပေးနိုင်သည်။

မြို့စား သို့ ထို့ထက် နိမ့်သည့် ကစားသမား သို့မဟုတ် မည်သည့် Npc မဆို နိုင်းယန် ၏ အရှေ့မှောက်တွင် လေးစားသည့် အပြုအမူများဖြင့် ပြောဆိုဆက်ဆံရမည်။ ထိုကဲ့သို့ သူမျိုးက သူ၏ သိက္ခာကို စော်ကားခဲ့လျှင် အပြစ်ပြင်းထန်မှုပေါ်၌ မူတည်၍ ၎င်း၏ ပြစ်မှုကျူးလွန်သူ၏ လွှမ်းမိုးမှုကို လိုက်၍ အချုပ်ထဲတွင် တစ်ရက် ကနေ ငါးရက်အထိ ရောက်သွားအောင် လုပ်ပစ်နိုင်စွမ်း ရှိသည်။ ထိုကဲ့သို့ ပြစ်ဒဏ်များသည် ကစားသမားများ အပေါ်၌ ပို၍ ပြင်းထန်မည်။ ထိုအချိန်၌ ၎င်းတို့သည် အဆင့်တက်ဖို့ လေ့ကျင်ခြင်းများ မပြုလုပ်နိုင်ပေ။ ၎င်းတို့ လုပ်နိုင်သည့် တစ်ခုထဲသော အရာကတော့ အချုပ်ခန်းလေးထဲတွင် အကူအညီကင်းမဲ့စွာ အချိန်ကုန်ဆုံးဖို့ပင် ဖြစ်၏။

ဒါဟာ မဟာပညာရှိ ဘွဲ့၏ စွမ်းအားအခွင့်အာဏာပင် ဖြစ်သည်။ သာလွန်သည့် အခွင့်အာဏာကို ရရှိထားသည်။

ယခုချိန်မှစ၍ နိုင်းယန် သည် မြင့်မြတ်သည့် အခွင့်အာဏာများကို ရရှိသွားပြီး ဖြစ်သည်။ အချို့ ဘွဲ့ခေါင်းစဥ် များ၏ အကျိုးကျေးဇူးများသည် မြို့ သို့ ပြည်နယ်တစ်ခုအပေါ်၌ အထူး သက်ရောက်မှု ရှိစေသည်။ သို့သော်လည်း မဟာပညာရှိ ဘွဲ့သည် မတူထူးခြား၏။ ၎င်း၏ အကျိုးကျေးဇူးများသည် ဗာရီဒီယန် အင်ပါယာ သော်လည်းကောင်း၊ စထရန် အင်ပါယာ ၌ သော်လည်းကောင်း မည်သည့်နေရာတွင် ရှိနေပါစေ

သက်ရောက်မှုရှိနိုင်သည်။

ဥင်းတို့၏ မြို့နယ် အသီးသီးတွင် ဩဇာအာဏာ ညောင်းသည့် ပြည်နယ် အုပ်ချုပ်သူများသည်ပင်လျှင် ထိုကဲ့သို့ ဘွဲ့ထူးမျိုးဖြင့် လူတစ်ယောက်အား အလွယ်တကူ မခုခံရဲကြပေ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ စွမ်းရည် မျိုးသည် နောင်တစ်ချိန်တွင် နတ်ဘုရားကဲ့သို့ စွမ်းအင်မျိုးကို ရနိုင်ခြင်း ကြောင့် ဖြစ်၏။

နိုင်းယန် သည် သူ့အား ခုခံသည့် မည်သူ့ကိုမဆို ထောင်ထဲသို့ ထည့်ပစ် နိုင်သည် ဆိုသည့် အချက်ကို ဖတ်လိုက်ပြီး နှုတ်ခမ်းထောင့်များသည် ဉာဏ် များသည့် အပြုံးတစ်ခုဖြင့် ကွေးညွတ်သွားခဲ့၏။ စဥ့်းလဲသည့် အကြံတစ် ခု ခေါင်းထဲ၌ ပေါ်လာခဲ့သည်။ ပထမဆုံး အရင် တိုက်ခိုက် စော်ကားသည့် သူက သူ မဟုတ်လျှင် သူ့အား ကျိန်ဆဲသည့် ကောင်းကင်ဘာစီကာ အား ပွဲ ကောင်းလေးတစ်ခု ပြလိုက်နိုင်မည်။

ထိုလှည့်ကွက်သည် တစ်ကြိမ်သာ အလုပ်ဖြစ်တာကတော့ အတော်လေး နှမြောဖို့ ကောင်း၏။ သို့သော်လည်း နိုင်းယန် ဟာ တစ်ကြိမ်သည်လည်းပဲ လုံလောက်သည်ဟု တွေးလိုက်သည်။ ထိုကဲ့သို့ လူအများရှေ့တွင် အပြစ်ပေးလိုက်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ခံစားမှု ရှိစေရန် လုံလောက်သ ည့် အပြစ်ပေးမှု တစ်ခုပင် ဖြစ်သည်။

ဂမ္ဘီရဉာဏ် ရထားသည့် မည်သည့် ပညာရှိဘွဲ့ထူးရထားသည့် သူ မ ဆို ဗာရီဒီယန် အင်ပါယာ နှင့် စထရန် အင်ပါယာ တို့တွင် ဖြစ်ပေါ်လာမည့် တိုက်ပွဲကြီးများတွင် ကြီးမားစွာ ဆုံးရှုံးရမည့် အရာများနှင့် ကမ္ဘာမြေအား အမှောင်ထုထဲသို့ ထိုးချမည့် အရာများကို ဆန့်ကျင်၍ တိုက်ခိုက်ရှာဖွေပေး နိုင်လျှင် အတိတ်နိမိတ်ဘွဲ့ကို ရရှိမည်ဖြစ်သည်။

ခုနှစ်ရွက်မြောက် စာမျက်နှာကို လှန်ကြည့်လိုက်သည့်အခါ မော်ဆန်သ

ည့် စက်ဝိုင်းဖြင့် သတ္တုဘောင်ခတ် ထားပြီး သန်မာသည့် မြင်းသိုးတစ်ကောင်ပုံကို တွေ့လိုက်ရ၏။ ထိုဂါထာသည် ကစားသမားအား ငှင်းစစ်မြင်းကို အသုံးတော်ခံ အဖြစ် ဆင့်ခေါ်နိုင်သည်။

နိုင်းယန် သည် အတော်လေး တုန်လှုပ်သွားခဲ့၏။ ထိုအကောင်ဟာ ဖလန့်ကာ လွင်ပြင်မှ ရလာခြင်းကြောင့် ဖလန့်ကာ စစ်မြင်းဟု အမည်တွင်သည်။ ထိုမြင်းသည် တော်ဝင် စစ်မြင်းဖြစ်ပြီး ပြေးနှုန်းသည် လေအဟုန်ကဲ့သို့ပင် အပိုဆု ၃၀၀ % ဖြင့် အရမ်းကို လျင်မြန်လွန်းလှသည်။ အရင်အတိတ်တုန်းက ဈေးအပေါဆုံး မြင်းသည်ပင်လျှင် မိုးထိ မြင့်သည့် ဈေးနှုန်းဖြင့် ရွှေပြား အပြား ၅၀ ဖြင့် ရောင်းချလေ့ရှိပြီး ဖလန့်ကာ စစ်မြင်းကဲ့သို့ပင် ဇိမ်ခံ စီးသည့် အရာတစ်ခု ထက်မပိုပေ။ အဆင့်မြင့် ကစားသမားများသာ ဈေးကြီးပေး၍ စီးနင်းနိုင်ကြ၏။ ဖလန့်ကာ သည် တော်ဝင် မြင်းအိမ်၌ မွေးမြူခဲ့ပြီး ပေါက်ဈေး ရွှေပြား ၅၀,၀၀၀ အထိ ရှိသည်။ ရွှေတစ်မျိုးထဲဖြင့် ထိုကဲ့သို့ အကောင်များကို ဝယ်ယူရန် မလုံလောက်ပေ။ အပိုလိုအပ်ချက်များလည်း ရှိနေသေးသည်။ ဝယ်ယူမည့်သူသည် ကာလို့မြို့၌ မှူးမတ်အဆင့် အနည်းဆုံးရှိခြင်း သို့ လွှမ်းမိုးမှုအမှတ် ၅၀ အနည်းဆုံး ရှိရမည်။

ထိုလိုအပ်ချက် နှစ်ခုသည် ရယူရန် အခက်ခဲဆုံး ဖြစ်၏။ အတိတ်ဘဝတုန်းက ဆိုလျှင် အသင်းကြီးများ၏ ခေါင်းဆောင်များပင် ထိုကဲ့သို့ များလွန်းသည့် ပမာဏကို မနာလိုစိတ်ဖြင့် ကြည့်နိုင်ရုံသာ တတ်နိုင်ခဲ့ကြသည်။

နိုင်းယန် သည် ထို ဖလန့်ကာ စစ်မြင်းအား ဆင့်ခေါ်ကြည့်ချင်ပေမယ့်လည်း ယခုနေရာသည် ဆင့်ခေါ်ရန် သင့်တော်သည့် နေရာမဟုတ်ပေ။

ခုနှစ်ရွက်မြောက်စာရွက်ကို ဖတ်ကြည့်ပြီးနောက် နောက်ထပ် စာမျက်နှာတစ်ခု ကျန်နေသေးသည်ကို တွေ့လိုက်ရ၏။

ရှစ်ရွက်မြောက် စာမျက်နှာကို လှန်ကြည့်လိုက်သည် အရမ်းကို တောက်ပ

လွန်းသည် အလင်းရောင်တစ်ခု ဖြာထွက်လာခဲ့၏။

ထို အလင်းတန်းထဲတွင် ရှေးဟောင်း စစ်မြေပြင် အတွင်းမှ ကြီးမားသည့် စစ်သည်တော်တွေများ၊ မရေမတွက် နိုင်သည့် တော်ဝင်နန်းဆောင်များ၊ ကောင်းကင်ထက်၌ ပျံဝဲနေသော နတ်ဆိုးများ နှင့် နတ်သားများ ကို တွေ့လိုက်ရသည်။ မြင်ကွင်းများသည် မျက်လုံးအရှေ့၌ တစ်ခုပြီး တစ်ခု ဖျတ်ခနဲလင်းလက်ကာ ပေါ်လာခဲ့၏။ ထိုခေတ်များသို့ ကိုယ်တိုင်ရောက်၍ မျက်မြင်တွေ့လိုက်ရသလိုပင်။ ကမ္ဘာ၏ရှေးအကျဆုံး သမိုင်းကြောင်းသည် သူ့အား အတွေ့အကြုံ အသေးစိတ်အချက်အလက်များစွာ ပေးခဲ့သည်။ စိတ်ပျက်စရာကောင်းသည့် ပျက်စီးခြင်း ......

သိထားသည့် အရာအားလုံးသည် အချိန်၏ ရက်စက်ပြင်းထန်စွာ တိုက်စားမှုကြောင့် ပျက်ပျယ်သွားခဲ့ပြီ။

ကြော်ငြာချက် - အမိန့်စာအုပ်၏ အတွဲ (၁) အား ဖွင့် ဖတ်ပြီး။ မြင့်မြတ်သည့် အလင်းတန်းသည် ကမ္ဘာမြေအား ဖြန့်ကျက်သွားခဲ့ပြီး ဖြစ်သည်။ တိမ်မြုပ်နေသည့် သမိုင်းကြောင်းများ ပြန်လည် ထွက်ပေါ်လာတော့မည်။

ကြော်ငြာချက် - ဂိမ်းစနစ်အား တစ်နာရီအတွင်း ပြန်လည်ပြင်ဆင်မည်။ ထိုအချိန်မတိုင်ခင် ကစားသမားအားလုံး အား ဂိမ်းမှ ကြိုတင်၍ ထွက်ထားပေးကြပါရန် အကြံပြုအပ်ပါသည်။

ကြော်ငြာချက်များအောက်တွင် ရှယ်ရာအစိုးရခေတ် ၏ အကြောင်းကို အနည်းငယ် မိတ်ဆက်ပေးခဲ့သည်။ ခေတ်အသစ်အား ကြော်ငြာပေးခြင်း ဖြစ်၏။ ဗာရီဒီယန် အင်ပါယာ နှင့် စထရန် အင်ပါယာ တို့သည် ကစားသမားများအား အကန့်အသတ်မရှိ မြေနေရာများ ရောင်းချပေးကြတော့မည်။ အင်ပါယာ နှစ်ခုလုံး၏ သူရဲကောင်းများ သည် နတ်ဆိုးများအား ရှင်းထုတ်နိုင်ခြင်းကြောင့် ပြန်လည်ပေါင်းစည်း၍ အောင်ပွဲများ ခံကြ

တော့မည်။

ချဲ့ထွင်ခြင်းများ အပြီးတွင် များစွာသော ပြောင်းလဲမှုများသည် ဂိမ်း အတွင်းသို့ အသစ်ဝင်လာမည့် သူများအတွက် အမှီလိုက်လို့ရစေရန် အခွင့် အရေးများ ရရှိနိုင်ရန် ဆောင်ရွက်ပေးမည် ဖြစ်သည်။ အောက်ခြေ အဆင့် များတွင် အဆင့်တက်ရန် လိုအပ်သည့် ကျွမ်းကျင် အမှတ်များအား သိသိ သာသာ လျော့ချပေးမည်။ အဆင့်နိမ့်သည့် အတတ်ပညာစာအုပ်များ နှင့် ရွှေအဆင့် လက်နက်ပစ္စည်းများ၊ ရွှေအနက်အဆင့် လက်နက်များ ရနိုင်မှု နှုန်းပို၍ မြင့်မားလာမည်။ ထို့အပြင် အခြေခံအဆင့် နယ်မြေများ ဆက်တိုက် ပေါ်ထွက်လာပြီး ပထမ တစ်သုတ်တွင် နယ်မြေ ၅ ခု ချပေးမည် ဖြစ်ပြီး နယ်မြေအားလုံးကို နတ်ဆိုးသတ္တဝါများက စောင့်ကြပ်နေမည်။ ၎င်းတို့အား ရှင်းလင်းနိုင်သည့် မည်သူ့ကိုမဆို ပိုင်ရှင်အဖြစ် ပေးအပ်မည် ဖြစ်သည်။ ထို့အပြင် သဘာအင်အားစုကျောင်းဆောင် နှင့် မြင့်မြတ်ဘုရား ကျောင်း တို့တွင် အဆင့်မြင့် မှော်ပညာများအား ပျင်းရိစရာကောင်းသည့် တာဝန်များကို လုပ်ဆောင်ပြီးမှ လေ့လာရမည့် အဖြစ်အားမရှိတော့ပေ။ ခက်ခဲသည့် စပ်ဆက်နေသော စမ်းသပ်ချက်များကို လျော့ချပြီး အနည်းငယ်သာ ပါတော့မည်။ တစ်ချိန်ထဲမှာပင် တိမ်မြုပ်နေသည့် သမိုင်းကြောင်း နှင့် စပ်ဆက်နေသည့် တာဝန်များ ပိုမိုကျယ်ပြန့်လာပြီး အ ဆင့် ၆၀ မှ ၁၂၀ အထိ ပြောင်းလဲမှု ရှိမည်။ အဆင့်တက်နှုန်း တိုးလာ သော်လည်း မည်သူမျှမစခင် ပို၍ ရှည်ကြာသည့် အချိန်ကာလတစ်ခု ဖြစ်လာခဲ့သည်။

နောက်ဆုံး စာမျက်နှာ ၈ ကို ဖွင့်လိုက်ရုံဖြင့် တိမ်မြုပ်နေသည့် သမိုင်းကြောင်း ဖြစ်ပေါ်လာမည်ဟု မထင်ထားခဲ့ မိချေ။ သူ့အတွက် အဆုံး အစမဲ့သည့် ပြဿနာတစ်ခု ဖြစ်ပေါ်လာစေခဲ့သည်။ အချိန်ပြောင်းလဲမှု

အကြီးကြီးက ဖြစ်ပေါ်လာခဲ့ပြီ။ ထိုကဲ့သို့ ဖြစ်လာမည်ကိုသာ ကြိုသိထားခဲ့ရင် နောက်ဆုံး စာမျက်နှာကို လုံးဝ ဖွင့်ကြည့်ဖြစ်မည် မဟုတ်ပေ။ ထိုနည်းအတိုင်းဆိုလျှင် နောင်တစ်ချိန်ဖြစ်မည့် အရာများကို ကြိုတင်ခန့်မှန်း၍ ပို လွယ်စေမည်။ တိမ်မြုပ်ခြင်း သမိုင်းကြောင်းသည် အမိန့်စာအုပ် အတွဲ (၁) ကို ပြီးပြည့်စုံအောင် စုဆောင်းပြီးသည်နှင့် စတင်ဖြစ်ပေါ်လာမည်ကို ခန့်မှန်းမိသော်လည်း ယခုကဲ့သို့ ဖြစ်သွားလိမ့်မည်ဟု မထင်ထားမိခဲ့ပါ။

စာမျက်နှာလေး တစ်ရွက်ကို ဖွင့်လိုက်ရုံဖြင့် ဂိမ်းတစ်ခုလုံးကို ပြောင်းလဲသွားစေခဲ့ပြီ။

ကြီးမားသည့် ပြောင်းလဲမှုကြီးသည် ပြင်ပလောက၌ စတင်ဖြစ်ပေါ်လာခဲ့ပြီ။

" ဘယ်လို သောက်ငရဲလဲဟ။ ဘယ်ကောင်က ဘယ်စာအုပ်ရဲ့ ပထမတွဲကို ဖွင့်လိုက်တာလဲ။ "

" ဘယ်သူသိမှာလဲ "

" အခုလို ပြောင်းလဲမှုကြီး ဖြစ်လာတာနဲ့ အဆင့်တက်ဖို့က နည်းနည်းပိုပြီး လွယ်လာမည်လို့ ကြားမိတယ်။ အဲ့ဒါက အမှန်လားလို့ သိချင်မိတယ်။ "

ထိုပြောင်းလဲမှုကြောင့် ကစားသမားများအားလုံးကို အသိလက်လွတ်ဖြစ်သွားစေခဲ့သည်။ အားလုံးသည် စိတ်အားထက်သန်စွာဖြင့် ထိုကဲ့သို့ ပြုလုပ်လိုက်သည့် သူကို သိရရန် ခန့်မှန်းကြည့်နေကြသည်။ မြေအောက်စခန်းများကို တိုက်ခိုက်ရန် ပြင်ဆင်နေကြသည့် အသင်းအားလုံးလည်း ရွေးစရာမရှိတာကြောင့် ပြန်လှည့်လာရသည်။ ထိုစဥ် မြေအောက်စခန်း၌ တိုက်ခိုက်နေဆဲ သူများကတော့ ခြေကုန်သုတ်ပြီး ပြန်ပြေးလာခဲ့ရသည်။ တစ်နာရီ သည် သူတို့အတွက် လုံလောက်သည့် အချိန်ပမာဏဖြစ်၏။

မြို့ကြီးများ နှင့် ပြည်နယ်များတွင် ကစားသမားများဖြင့် စုပြုံနေခဲ့၏။ အားလုံးသည် ထိုတုန်လှုပ်ဖွယ် ကြော်ငြာချက် အကြောင်းကို ပြောဆိုနေကြသည်။ ထိုပြောင်းလဲမှု ဖြစ်ပေါ်လာပြီးလျှင် အဆင့်တက်ဖို့ ပို၍ လွယ်ကူသွားမည်ဟု ဆိုသောကြောင့် မည်သူကမျှ ယခုအချိန်တွင် အဆင့်တက်ဖို့ မပြင်ဆင်တော့ပဲ အေးအေးလူလူ ပတ်လှည့် သွားလာနေကြသည်။

[ နိုင်းယန် ... ဒီလို ကြော်ငြာချက်တွေ ထွက်လာအောင် လုပ်လိုက်တာ မင်းလား ... ]

ဝူဟိုင် က မေးလိုက်သည်။ နိုင်းယန် မှာ အမိန့်စာအုပ်၏ စာမျက်နှာတစ်ချို့ ပိုင်ဆိုင်ထားသည်ကို သိထားသောကြောင့် ဖြစ်သည်။ ဒါပေမယ့် သေချာမသိရှိထားခဲ့ပေ။

[ အေး ... ငါပဲ။ မနက်ဖြန် အားလုံး လိုင်းပေါ်ကို ပြန်ရောက်တဲ့အခါ အသင်းထဲက ထိပ်သီးကစားသမား အယောက် ၆၀၀ ကို မြန်မြန်စုထားစေချင်တယ်။ ]

နိုင်းယန် က ပြောလိုက်သည်။ ပြောင်းလဲခြင်းများ ဖြစ်ပေါ်လာခဲ့ပြီး ရပ်တန့်၍ မရနိုင်သောကြောင့် အချို့ အကျိုးသက်ရောက်မှုများအား အခွင့်ကောင်းရရန် အရဆွဲယူထားရမည်။ နောက်ကျလျှင် ဆုံးရှုံးသွားနိုင်၏။

[ ကောင်းပြီလေ။ ပြဿနာ မရှိပါဘူး။ ]

ဝူဟိုင် က ပြန်ဖြေလိုက်၏။ နိုင်းယန် တစ်ခုခု အရေးကြီးတာ လုပ်ချင်၍ တောင်းခြင်း ဖြစ်သည်ဟု နားလည်ထား သောကြောင့် ဖြစ်သည်။

[ ပြီးတော့ ကောင်းကင်ဘာစီကာ ရဲ့ တည်နေရာကို ငါ့အတွက် ရှာပေးစေချင်တယ်။ သူအခု ကာလို့ မှာလား။ အဲ့လိုဆိုရင် ငါ့ကို ချက်ချင်း အကြောင်းကြားပေးပါဦးကွာ။ ]

နိုင်းယန် က ပြောလိုက်သည်။ ကြံစည်ထားသည့် အစီအစဥ်ကို အကောင်ထည်ဖော်ဖို့ လိုသေးသည်။ ကောင်းကင် ဘာစီကာ ဟာ အရမ်း ဒေါသကြီးတတ်ခြင်းကြောင့် ကိုင်တွယ်ဖို့က အေးဆေးဖြစ်၏။ ညအမှောင် ဖြိုခွင်းသူ အနေနှင့် ကတော့ အရင်အတိတ်တုန်းက လူချင်းသိဖူးသည့် အတွေ့အကြုံအရ သူ့အား အလွယ်တကူ လှည့်စား၍ မရပေ။

[ မင်းက ဘာလို့ သူ့ကို ရှာနေတာလဲ။ ]

ဂူဟိုင် တုန်လှုပ်စွာဖြင့် မေးလိုက်မိသည်။ ကောင်းကင်ဘာစီကာ ကို မြို့ ထဲမှာများ တစ်ခုခုလုပ်မလို့လား။ နိုင်းယန် က သူနဲ့များ စေ့စပ် ဆွေးနွေးမ လို့လား။

[ သူ့မျက်နှာကို ပြားသွားအောင် လုပ်ပစ်မလို့။ သေချာ ကြည့်နေနော် ... ]

နိုင်းယန် က ရယ်ပြီး ပြောလိုက်သည်။ ပြောင်းလဲခြင်းသည် လျင်မြန်စွာ တိုးတက်ဖို့အတွက် ရှားပါးသည့် အခွင့်အရေးတစ်ခု ဖြစ်သည်။ အထူးသဖြ င့် မြင့်မြတ်သော အင်ပါယာ နှင့် ဖြာထွက်နေသော အလင်းတန်း အဖွဲ့တို့ ကြားရှိ နယ်မြေသိမ်းပိုက်ပွဲသည် ရက်အနည်းငယ်တွင် စတင်တော့မည် ကို စဥ်းစားကြည့်လျှင် ထိုအချိန်၌ ကောင်းကင်ဘာစီကာ ကို ထောင်ထဲ၌ ရက်အနည်းငယ်လောက် ထည့်ထားနိုင်ခဲ့ရင် အောင်နိုင်ဖို့ အခွင့်အရေး ပို၍ များနိုင်သည်။

[ ကောင်းပြီလေ ... ငါ ချက်ချင်းရှာပြီး မင်းကို ပြန်ပြောပေးမယ်။ ]

ဂူဟိုင် က ပြန်ဖြေလိုက်သည်။ နိုင်းယန် ဘာတွေ ကြံစည်ထားသည်ကို မ သိပေမယ့်လည်း ကောင်းကင်ဘာစီကာ တော့ နိုင်းယန် ၏ လျို့ဝှက်စွာ ကြံစည်ထားသည့် အကြံအစည်ဖြင့် အရှိုက်ထိအောင် ခံရတော့မည် ဖြစ်ကြောင်းကို ခန့်မှန်းကြည့်လိုက်မိသည်။ နိုင်းယန် ဟာ အောင်မြင်ဖို့ မ သေချာသည့် အရာတစ်ခုကို လုံးဝ မလုပ်သည့် သူမျိုးဖြစ်၏။ အနည်းငယ်

စိတ်လှုပ်ရှားနေမိခဲ့သည်။ ကောင်းကင်ဘာစီကာ တော့ နိုင်းယန် ပြင်ဆင်ပေးထားသည့် ထောင်ချောက်အတွင်းအား မည်သို့ပင်ဖြစ်စေ လျှောက်ဝင်သွားတော့မည်။

သိပ်မကြာခင်မှာပဲ နိုင်းယန် အား ဝူဟိုင် ပြန်၍ သတင်းပို့လာသည်။ ကောင်းကင်ဘာစီကာ သည် သူ၏ လူတစ်ချို့ဖြင့် ကာလို့မြို့ ၏ အလယ်ရှိ လေလံပင်မ အဆောက်အဦး၌ ရှိနေခဲ့၏။

[ အရိပ်သတ်ဖြတ်သူ လည်း သူနဲ့အတူ ရှိနေတယ်။ ]

ဝူဟိုင် က ပြောလိုက်သည်။ ထိုအကြောင်းကို ကြားသည်နှင့် အတော်လေး သတိကြီးကြီး ထားလိုက်မိသည်။

နိုင်းယန် သည် မျက်လုံးများ မှေးလိုက်ပြီး ခပ်ဖျော့ဖျော့လေး ရယ်လိုက်မိသည်။

[ အဲ့ဒါက အရေးမကြီးပါဘူး။ ပြပွဲကို ကြည့်ဖို့ ပရိတ်သတ် အပိုပါလာလည်း ပြဿနာမရှိပါဘူးကွာ ... ]

***